အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်များဂုဏ်မင်္ဂလာစားသောက်ကုန်လီမိတက် သည် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၃)၊ မြေကွက်အမှတ် (၄၅၊၄၆)ရှိ (၃. ၁၈၉) ဧကအကျယ်အဝန်းရှိသော မြေနေရာတွင် ဘီစကွတ်မုန့်၊ ကိတ်မုန့်၊ သကြားလုံးနှင့် ဂျယ်လီ စသော စားသောက်ကုန်ပစ္စည်းများကို ထုတ်လုပ်၍ ပြည်တွင်းပြည်ပသို့ဖြန့်ဖြူးရောင်းချရန်ရည်ရွယ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့်ကိုလျှောက်ထားသော ကုမ္ပဏီဖြစ်ပါသည်။

ယခုအခါကော်မရှင်၏ ဆုံးဖြတ်ချက်အရ အထက်အဖွဲ့အစည်းသို့ ဆက်လက်တင်ပြနိုင်ရန် အတွက် အဆိုပြုလွှာ (၁၆) စုံကို ပေးပို့အပ်ပါသည်။

ရိုသေလေးစားစွာဖြင့်

ဦးစလင်း

(ဒါရိုက်တာ)

ဂုဏ်မင်္ဂလာစားသောက်ကုန်လီမိတက်

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရန်ကုန်မြို့

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နေ့စွဲ။ ၂၀၀၀ ပြည့်နှစ်၊ဇန်နဝါရီလ (၁၄) ရက်။

အကြောင်းအရာ။ ။ <u>မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်များ အကြိုစိစစ်ပေးနိုင်ရန် ပေးပို့ခြင်း။</u>

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်များဂုဏ်မင်္ဂလာစားသောက်ကုန်လီမိတက်သည် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၃)၊ မြေကွက်အမှတ် (၄၅၊၄၆)ရှိ (၃. ၁၈၉) ဧကအကျယ်အဝန်းရှိသော မြေနေရာတွင် ဘီစကွတ်မုန့်၊ ကိတ်မုန့်၊ သကြားလုံးနှင့် ဂျယ်လီစသော စားသောက်ကုန်ပစ္စည်းများကို ထုတ်လုပ်၍ ပြည်တွင်း တွင်ဖြန့်ဖြူးရောင်းချရန်ရည်ရွယ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့်ကိုလျှောက်ထားသော ကုမ္ပဏီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်တော်များကုမ္ပဏီ၏ အဆိုပြုလွှာကို လိုအပ်သလိုစိစစ်ပေးနိုင်ရန်အတွက် အဆိုပြုလွှာ (၈) စုံကို ပေးပို့တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်

ဦးစလင်း

(ဒါရိုက်တာ)

ဂုဏ်မင်္ဂလာစားသောက်ကုန်လီမိတက်

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရန်ကုန်မြို့

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နေ့စွဲ။ ၂၀၀၀ ပြည့်နှစ်၊ဇန်နဝါရီလ (၁၄) ရက်။

အကြောင်းအရာ။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ တို့အရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့်သက်သာခွင့်များ လျှောက်ထားခြင်း။

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်များ ဂုဏ်မင်္ဂလာစားသောက်ကုန်လီမိတက်သည် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၃)၊ မြေကွက်အမှတ် (၄၅၊၄၆) ရှိ မြေ (၁. ၁၈၉) ဧက အကျယ်အဝန်းရှိသော မြေနေရာတွင် ဘီစကွတ်မုန့်နှင့် အခြားမုန့်မျိုးစုံ ထုတ်လုပ်သည့် စက်ရုံကိုတည်ထောင်၍ အရည်အသွေးကောင်းမွန်ပြီး အဆင့်အတန်းမြင့်မားသော ဘီစကွတ်မုန့် နှင့်အခြားမုန့်မျိုးစုံထုတ်လုပ်သည့်လုပ်ငန်းလုပ်ကိုင်ခြင်းခွင့်ပြုမိန့်ရရှိနိုင်ရန်အတွက်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမိန့်ကို လျှောက်ထားသော ကုမ္ပဏီဖြစ်ပါသည်။

ကျွန်တော်များကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ **ဂုဏ်မင်္ဂလာထရေးဒင်းကုမ္ပဏီလီမိတက်**ကိုတည်ထောင်ဖွဲ့စည်း၍ ပြည်တွင်းပြည်ပနိုင်ငံများနှင့် ကူးသန်းရောင်းဝယ်မှုပြုနေသောကုမ္ပဏီဖြစ်ပြီး ယခုအခါ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် **ဂုဏ်မင်္ဂလာစားသောက်ကုန်လီမိတက်**အဖြစ် တိုးချဲ့ဖွဲ့ စည်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ကို လျှောက်ထားသောကုမ္ပဏီဖြစ်ပါသည်။

ကျွန်တော်များ **ဂုဏ်မင်္ဂလာစားသောက်ကုန်လီမိတက်**သည် အဆိုပြုလုပ်ငန်းအတွက် လိုအပ် သော စက်ပစ္စည်းများအား **ဂုဏ်မင်္ဂလာထရေးဒင်းကုမ္ပဏီလီမိတက်** ၏ ပြည်ပပို့ကုန်မှရရှိသောနိုင်ငံခြားငွေ ကို အတိုးမဲ့စနစ်ဖြင့်ချေးယူ၍ဝယ်ယူတင်သွင်းမည်ဖြစ်ပြီးယင်းချေးငွေကို အဆိုပြုလုပ်ငန်းမှ ရရှိသော ငွေများဖြင့် (၁၀) နှစ်အတွင်း ပြန်လည်ပေးဆပ်မည်ဖြစ်ပါသည်။

ကျွန်တော်များကုမ္ပဏီလီမိတက်အနေဖြင့် ယခုအဆိုပြုလုပ်ငန်းအတွက် ရင်းနှီးငွေစုစုပေါင်း ကျပ် (၁၀၃၉) သိန်းကို မြန်မာကျပ်ငွေ၊ နိုင်ငံခြားသုံးငွေ၊ စက်ပစ္စည်းများဖြင့် ထည့်ဝင်ပြီး ရင်းနှီးမြှုပ်နှံမည်ဖြစ်ပါသည်။ အဆိုပြုလုပ်ငန်းအတွက်လိုအပ်သောကုန်ကြမ်းများကို **ဂုဏ်မင်္ဂလာ ထရေးဒင်းကုမ္ပဏီလီမိတက်**၏ကုန်သွယ်မှုလုပ်ငန်းမှရရှိသောနိုင်ငံခြားငွေဖြင့်ဝယ်ယူတင်သွင်းမည်ဖြစ်ပြီးအဆိုပြုလုပ်ငန်းဖြစ်သော **ဂုဏ်မင်္ဂလာစားသောက်ကုန်လီမိတက်** သို့တဆင့်ပြန်လည်ရောင်းချခြင်းစနစ်ဖြင့်ဆောင်ရွက်မည်ဖြစ်ပါသည်။

ထုတ်လုပ် ဖြန့်ဖြူးရောင်းချ၍ရရှိလာသော အမြတ်ငွေများကိုလည်း မြန်မာနိုင်ငံတော်အတွင်းအခြား ခွင့်ပြုထားသည့်စီးပွါးရေးလုပ်ငန်းများ လုပ်ငန်းများတွင်ပြန်လည်ရင်းနှီးမြှုပ်နှံသွားရန်ရည်ရွယ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေများ ရရှိစေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်အတွက်လည်းကောင်း၊ စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာရပ်များ တိုးပွားရရှိစေရန်အတွက်လည်းကောင်း၊ နိုင်ငံသားများစီးပွားရေး ဖွံ့ဖြိုးတိုးတက် စေခြင်းအလို့ငှာ လည်းကောင်း၊ ကျွန်တော်များ ဂုဏ်မင်္ဂလာစားသောက်ကုန်လီမိတက် အနေဖြင့် မြန်မာနိုင်ငံသား များ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့် လျှောက်ထားခြင်းကို လက်ခံစဉ်းစားပေးပါရန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ တို့အရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ကိုလည်းပေးပါရန် ရိုသေလေးစားစွာဖြင့် လျှောက်ထားအပ်ပါသည်။

လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထား စာရွက်စာတမ်းများကို ပူးတွဲတင်ပြအပ်ပါသည်။

(၁) ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ကမကထပြုသူ ၏လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုချက်၊

(၂) လုပ်ငန်းပိုင်းနှင့် ငွေရေးကြေးရေး အထောက်အထားများ၊

(၃) ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း မူကြမ်း၊

(၄) ဘဏ္ဍာရေးအချက်အလက်များနှင့် ပတ်သက်၍ တွက်ချက်မှုဇယားများ။

ရိုသေလေးစားစွာဖြင့်

(signature)

ဦးစလင်း

(ဒါရိုက်တာ)

ဂုဏ်မင်္ဂလာစားသောက်ကုန်လီမိတက်

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရန်ကုန်မြို့

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နေ့စွဲ။ ၂၀၀၀ ပြည့်နှစ်၊ဇန်နဝါရီလ (၁၄) ရက်။

အကြောင်းအရာ။ ။ <u>မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ကတိခံဝန်ချက်များပေးပို့ခြင်း။</u>

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကျွန်တော်များဂုဏ်မင်္ဂလာစားသောက်ကုန်လီမိတက်သည် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၃)၊ မြေကွက်အမှတ် (၄၅၄၆) ရှိ မြေ (၃. ၁၈၉) ဧက အကျယ်အဝန်းရှိသော မြေနေရာတွင် ဘီစကွတ်မုန့်နှင့် အခြားမုန့်မျိုးစုံ ထုတ်လုပ်သည့်စက်ရုံတည်ထောင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အရည်အသွေးကောင်းမွန်ပြီး အဆင့် အတန်းမြင့်မားသော ဘီစကွတ်မုန့်နှင့် အခြားမုန့်မျိုးစုံထုတ်လုပ်ပြီး ပြည်တွင်းတွင်ဖြန့်ဖြူးရောင်းချနိုင်ရန် အတွက် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ခွင့်ပြုမိန့်လျှောက်ထားသော ကုမ္ပဏီဖြစ်ပါသည်။

ဤလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သော လုပ်ငန်းဖြစ်ပါသည်။ ဤလုပ်ငန်းတွင် နိုင်ငံခြားမှ မည်သူမျှပိုင်ဆိုင်မှုမရှိကြောင်းနှင့် အောက်ပါအချက်များကို သိရှိလိုက်နာမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြု ပါသည်။

၁။ မြေငှားရမ်းမှုနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရမှ မြေရာနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းမည့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပွားစေ ရန်အတွက်လိုအပ်သော အစီအမံများ၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ဆောင်ရွက်ထားမည်ဖြစ်ကြောင်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက်လိုအပ်သောအစီအမံများကိုစီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

၂။ လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သော စက်ပစ္စည်းများ၊ ကုန်ကြမ်းပစ္စည်းများနှင့်ပတ်သက်၍ လိုအပ်သော နိုင်ငံခြားငွေကြေးများသည် ကုမ္ပဏီနှင့်သာသက်ဆိုင်ပြီး နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်မှုမရှိစေရပါ။ ထို့အပြင် အဆိုပြုလုပ်ငန်းဆောင်ရွက်ရာတွင်တပ်ဆင်မည့်စက်ပစ္စည်းများသည် စက်ပစ္စည်းအသစ်များသာဖြစ်ကြောင်းနှင့် ခေတ်မီစက်ပစ္စည်းများသာဖြစ်ကြောင်းဝန်ခံကတိပြုပါသည်။

၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရရှိပါက ကုန်တော်များကုမ္ပဏီအနေဖြင့် ပုဂ္ဂလိက စက်မှုလုပ်ငန်း ဥပဒေအရ ပြည်နယ်/တိုင်းဒေသကြီးရ စက်မှုကြီးကြပ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးညွှန်ကြားမှု ဦးစီးဌာနတွင်ပုဂ္ဂလိက စက်မှုလုပ်ငန်းအဖြစ် မှတ်ပုံတင်ထားရှိမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

၄။ ထုတ်လုပ်မည့် ဘီစကွတ်များနှင့် အခြားမုန့်မျိုးစုံကို မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါး အာဏာပိုင်အဖွဲ့ (Myanmar Food and Drug Board of Authority) ၏စစ်ဆေးမှုကို ခံယူပြီးမှသာ ဖြန့်ဖြူးရောင်းချမည်ဖြစ် ကြောင်းဝန်ခံကတိပြုပါသည်။

၅။ ထို့အပြင် ယခုအဆိုပြုလွှာတွင် တင်ပြသည့်လုပ်ငန်းမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရရှိမှသာလျှင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အဆိုပါလုပ်ငန်းသည် လုပ်ငန်းအသစ်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

ရိုသေလေးစားစွာဖြင့်

(signature)

ဦးစလင်း

(ဒါရိုက်တာ)

ဂုဏ်မင်္ဂလာစားသောက်ကုန်လီမိတက်

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ

ရင်းနှီးမြှုပ်နှံလိုသူ၏

အဆိုပြုချက်

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ
ရင်းနှီးမြှုပ်နှံလိုသူ၏ အဆိုပြုချက်
[ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ဂ]

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

စာအမှတ်၊
ရက်စွဲ ၊ ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ၊ (၁၄) ရက်။

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံလိုပါသဖြင့် ခွင့်ပြုမိန့်ထုတ်ပေးပါရန် အောက်ပါအချက်များဖော်ပြ၍ လျှောက်ထားအပ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံလိုသူ၏ -

(က)	အမည်	-	ဦးစလင်း
(ခ)	အဖအမည်	-	ဦးယာကွတ်
(ဂ)	နိုင်ငံသား / အမျိုးသားမှတ်ပုံတင်အမှတ်	-	၁၂/ပဘတ (နိုင်) ဝဝ၆၁၇၂
(ဃ)	နေရပ်လိပ်စာ	-	အမှတ် ၅၅၇၊ အပေါ်ဆုံးထပ် မဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
(င)	လူမျိုး၊ ဘာသာ	-	စူရတီ ၊ အစ္စလမ်
(စ)	အဖွဲ့အစည်းအမည်	-	ဂုဏ်မင်္ဂလာစားသောက်ကုန်လီမိတက်
(ဆ)	လုပ်ငန်းအမျိုးအစား	-	နိုင်ငံတကာ အဆင့်မီ ဘီစကွတ်မုန့် နှင့် မုန့်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း
(ဇ)	အဖွဲ့အစည်းတည်နေရာအရပ်	-	No. 189/195, 8/F B Block, Pansodan Office Tower, Pansodan, Kyauktada Township, Yangon.

၂။ ဖက်စပ်ပြုလုပ်၍ ရင်းနှီးမြှုပ်နှံလိုပါက ဖက်စပ်ပြုလုပ်မည့်သူများ၏ -

(က) အမည် (၁) ------------------------ (၂) ------------------------

------------------------ ------------------------

------------------------ ------------------------

(ခ) အဖအမည် (၁) ------------------------ (၂) ------------------------

------------------------ ------------------------

------------------------ ------------------------

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ်

(၁) ------------------------ (၂) ------------------------

------------------------ ------------------------

------------------------ ------------------------

(ဃ) နေရပ်လိပ်စာ

(၁) ------------------------ (၂) ------------------------

------------------------ ------------------------

------------------------ ------------------------

(င) လူမျိုးဘာသာ

(၁) ------------------------ (၂) ------------------------

------------------------ ------------------------

------------------------ ------------------------

(စ) အဖွဲ့အစည်းအမည် --

(ဆ) လုပ်ငန်းအမျိုးအစား --

(ဇ) အဖွဲ့အစည်းတည်ရှိရာအရပ် --

(နှစ်ဦး သို့မဟုတ် အဖွဲ့အစည်း ၂ ခုထက်ပိုပါက သီးခြားစာရွက်တွင်ဖော်ပြပူးတွဲရန်)

၃။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့် လုပ်ငန်းအမျိုးအစား -

(က) ကုန်ထုတ်လုပ်မှုလုပ်ငန်း - နိုင်ငံတကာ အဆင့်မီ ဘီစကွတ်မုန့် နှင့် မုန့်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း

(ခ) ဝန်ဆောင်မှုလုပ်ငန်း - --

(ကုန်ပစ္စည်းအမည် သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစားကိုဖော်ပြရန်)

၄။ လုပ်ကိုင်မည့်စီးပွားရေးပုံစံ -

(က) နိုင်ငံသားနှင့် နိုင်ငံသားတို့က အစုစပ်လုပ်ကိုင်ဆောင်ရွက်ခြင်း။

(ခ) အဖွဲ့အစည်းနှင့် နိုင်ငံသားတို့က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း။

---------------------------- မရှိပါ -------------------------

(ဂ) အဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းတို့က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း။

---------------------------- မရှိပါ ------------------------------

၅။ ဖွဲ့စည်းထားပြီးဖြစ်သည့် သို့မဟုတ် ဖွဲ့စည်းမည့် စီးပွားရေးအဖွဲ့အစည်းပုံသဏ္ဍာန် -

(က) တစ်ဦးတည်းပိုင် - --

(ခ) ဖက်စပ် / အစုစပ်လုပ်ငန်း - --

(ဂ) လီမိတက်ကုမ္ပဏီ - ဂုဏ်မင်္ဂလာ စားသောက်ကုန် လီမိတက်

(ဃ) သမဝါယမအသင်း - --

(အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ/အများပိုင်ကုမ္ပဏီဟုဖော်ပြ၍ ထည့်ဝင်မည့် မ,တည်ငွေရင်းအမျိုးအစား၊ စီမံခန့်ခွဲသူ/စီမံခန့်ခွဲမည့် နောက်ဆက်တွဲ (၁) သူများ၏ အမည်၊ နေရပ်လိပ်စာများနှင့် ရာထူးတို့ကိုပူးတွဲတင်ပြရန်)

၆။ ဖက်စပ်/အစုစပ်လုပ်ငန်းဖြစ်ပါက -

(က) အစုစပ်တို့က ထည့်ဝင်မည့်အစုငွေ အချိုးအစားနှင့်ပမာဏ

(ခ) အကျိုးအမြတ်ခွဲဝေမည့်အမျိုးအစား --

(ဂ) အစုဝင်များ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ --

(နောက်ဆုံးလောက်က သီးခြားစာရွက်ဖြင့် ဖော်ပြရန်)

၇။ သမဝါယမအသင်း/လီမိတက်ကုမ္ပဏီဖြစ်ပါက -

(က) ခွင့်ပြုမတည်ငွေရင်း - ကျပ် ၁၀၀၀,၀၀၀,၀၀၀/-

(ခ) အစုရှယ်ယာ အမျိုးအစား - တစ်စုလျှင် ကျပ် ၁၀,၀၀၀/- တန်အစုရှယ်ယာ (၁၀၀,၀၀၀)

(ဂ) အစုရှယ်ယာများကထည့်ဝင်မည့်အစုရှယ်ယာ ပမာဏ ကျပ် ၁၂၀၀၀၀၀၀/- ကျပ် ၁၀၀၀၀/-တိတိ တန် အစုပေါင်း ၁၂၀၀

၈။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့် အဖွဲ့အစည်းနှင့် သက်ဆိုင်သောအချက်အလက်များ -

(က) မတည်ငွေရင်းပမာဏ (ထောင်ပေါင်း)	ကိုယ်ပိုင်	နိုင်ငံခြားငွေ	စုစုပေါင်း
	ကျပ်	US$	ကျပ်
(၁) ငွေပမာဏ - (နိုင်ငံခြား မ,တည်ငွေပါဝင်ပါကသီးခြားဖော်ပြရန်)	၄၀၀၀၀		၄၀၀၀၀
(၂) စက်ပစ္စည်းကရိယာများ တန်ဖိုးပမာဏ (အသေးစိတ်စာရင်း ပူးတွဲတင်ပြရန်) နောက်ဆက်တွဲ ၂		၃၄၅	၂၀၇၀
(၃) ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းများ တန်ဖိုးပမာဏ (အသေးစိတ်စာရင်း ပူးတွဲတင်ပြရန်) နောက်ဆက်တွဲ ၃	၂၁၀၀၀	-	၂၁၀၀၀
(၄) ကုန်ကြမ်းပစ္စည်းတန်ဖိုးပမာဏ - (အသေးစိတ်စာရင်း ပူးတွဲတင်ပြရန်)	၄၀၈၅၃		၄၀၈၅၃
စုစုပေါင်း	၁၀၁၈၅၃	၃၄၅	၁၀၃၉၂၃

(စက်ပစ္စည်းကိရိယာများ နှင့်ကုန်ကြမ်းပစ္စည်းများကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းထားသောယခုအဆိုပြုကုမ္ပဏီ၏ပင်မကုမ္ပဏီဖြစ်သော**GON MINGALAR TRADING CO., LTD.** ၏ကုန်သွယ်မှုလုပ်ငန်းမှရရှိသောတရားဝင်နိုင်ငံခြားငွေ**US$345,000** ကိုအတိုးမဲ့ငွေချေးသဘောတူစာချုပ် ဖြင့် ချေးယူ၍ဝယ်ယူတင်သွင်းမည်ဖြစ်ပါသည်။) (စာချုပ်ပူးတွဲ)

(ခ) နိုင်ငံခြားမှ တင်သွင်းရန် လိုအပ်သည့် (ထောင်ပေါင်း)	ကျပ်	US$
(၁) စက်ပစ္စည်းများ၊ စက်ကိရိယာများ စသည့် ပစ္စည်းတို့၏ တန်ဖိုးပမာဏ (အသေးစိတ်စာရင်း ပူးတွဲတင်ပြရန်) **နောက်ဆက်တွဲ ၂**	၂၀၇၀	၃၄၅
(၂) ကုန်ကြမ်းပစ္စည်းများနှင့် အခြား အလားတူပစ္စည်းများ၏တန်ဖိုး	-	-
(၃) ကျွမ်းကျင်မှုနည်းပညာရပ်များ၏ တန်ဖိုးပမာဏ		
စုစုပေါင်း	၂၀၇၀	၃၄၅

(ဂ) တည်ဆောက်မှုကာလ - (၆) လ

(ဃ) ပဏာမ စူးစမ်းလေ့လာမှုပြုလုပ်မည့်ကာ - (၁) လ

(င) တည်ဆောက်မှု စတင်မည့်အချိန် - ခွင့်ပြုမိန့်ရရှိပြီး (၁) လအတွင်း

၉။ ဆောင်ရွက်မည့်စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သောအချက်အလက်များ -

(က) လုပ်ငန်းအမျိုးအစား - နိုင်ငံတကာအဆင့်မီ ဘီစကွတ်မုန့်နှင့် မုန့်အမျိုးမျိုး ထုတ်လုပ်ခြင်း

(ခ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်ဒေသများ - မြေတိုင်းရပ်ကွက်အမှတ်စက်မှုဇုံ (၃)၊ မြေကွက်အမှတ် (၄၅၊၄၆)၊လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း။

(ဂ) ဆောင်ရွက်ပုံနည်းစနစ် - နိုင်ငံတကာအဆင့်မီ ဘီစကွတ်မုန့်နှင့် မုန့်အမျိုးမျိုး ထုတ်လုပ်ပြီး ခေတ်မီနည်းစနစ်များဖြင့် ပြုပြင် ထည့်သွင်း၍ ပြည်တွင်း တွင် ရောင်းချမည်ဖြစ်ပါသည်။

(ဃ) နှစ်စဉ် စက်သုံးဆီလိုအပ်ချက် -

	အမျိုးအစား	အရေအတွက်
(၁)	ဒီဇယ်ဆီ	၃,၀၀၀ ဂါလံ
(၂)	ဓါတ်ဆီ	၄၀၀၀ ဂါလံ
(၃)	စက်ဆီ၊ ချောဆီ	၄၀၀ ဂါလံ

(င) နှစ်စဉ် လျှပ်စစ်ဓါတ်အားလိုအပ်ချက် -

	အားအသုံးပြုမှု	မြင်းကောင်ရေ
၁။	လျှပ်စစ်ဓါတ်အား	တနေ့လျှင် ၂၅၀ ကီလိုဝပ်
၂။	ဓါတ်ဆီ/ဒီဇယ်အင်ဂျင်စက်အင်အား	----------------------
၃။	ဘွိုင်လာ အသုံးပြုအင်ဂျင်စက်အား	----------------------
၄။	သဘာဝဓာတ်ငွေ့သုံးစက်အား	----------------------
၅။	ပေးပို့သည့်အခြားအား (ရေအား/လေအားစသည်များ)	----------------------

(စ) နှစ်စဉ် ရေလိုအပ်ချက် ၁၂၀၀၀၀၀ ဂါလံ

(နေ့စဉ် ရေလိုအပ်ချက်ရှိလျှင် ဖော်ပြရန်) တနေ့ ၄၀၀၀ ဂါလံ

(ဆ) နှစ်စဉ်လုပ်ငန်းသုံးပစ္စည်း /ကုန်ကြမ်းလိုအပ်ချက်

အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	တန်ဖိုး (ကျပ်ထောင်ပေါင်း)

၁။ အဓိကကုန်ကြမ်း

(၁) -------------	-------------	-------------	-------------
(၂) -------------	-------------	နောက်ဆက်တွဲ (၄)	-------------

၂။ အထောက်အကူကုန်ကြမ်း

(၁) -------------	-------------	-------------	-------------
-------------	-------------	နောက်ဆက်တွဲ (၄)	-------------

၃။ စက်သုံးဆီ/ဓါတ်ငွေ့များ -

(၁) -------------	-------------	-------------	-------------
(၂) -------------	-------------	-------------	-------------

(ဇ) အဆောက်အအုံလိုအပ်ချက် - နောက်ဆက်တွဲ(၁၀)

(ဈ) မြေနေရာအမျိုးအစားနှင့် အကျယ်အဝင်းလိုအပ်ချက် ၃. ၁၈၉ဧက(၁၃၈၉၃၃စတုရန်းပေ)

(ည) ခန့်မှန်းထုတ်လုပ်မည့်ကုန်ပစ္စည်း/ဆောင်ရွက်မည့်ဝန်ဆောင်မှု

အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	တန်ဖိုး
		နောက်ဆက်တွဲ ၅	
------------	------------	------------	------------
------------	------------	------------	------------

(ဋ) <u>ရောင်းချမည့်နည်းစနစ်</u> - <u>ပြည်တွင်းရောင်း</u>

(Biscuits, Sweets and Jelly

Snacks, Bread and Cake) ၁၀၀ %

၁၀။ နှစ်စဉ်ကုန်ထုတ်မှု/ဝန်ဆောင်မှုနှင့် စပ်လျဉ်းသောအချက်အလက်များ -

	<u>ခန့်မှန်းခြေ</u>	
	ကျပ်ငွေ	နိုင်ငံခြားငွေ
(က) လုပ်ငန်းလည်ပတ်ရန်လိုအပ်မည့်ကျပ်ငွေ	နောက်ဆက်တွဲ ၆	-
(ခ) လိုအပ်မည့်နိုင်ငံခြားသုံးငွေ	နောက်ဆက်တွဲ ၆	-
(ဂ) ရရှိမည့်နိုင်ငံခြားသုံးငွေပမာဏ	နောက်ဆက်တွဲ ၆	-
(ဃ) ပြည်ပသို့တင်ပို့ရောင်းချနိုင်မည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုတန်ဖိုးပမာဏ	နောက်ဆက်တွဲ ၅/၆	-
(င) နှစ်စဉ်ပြည်တွင်း၌ရောင်းချနိုင်မည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုတန်ဖိုးပမာဏ	နောက်ဆက်တွဲ ၅/၆	-

၁၁။ ဆောင်ရွက်မည့်စီးပွားရေးလုပ်ငန်းတွင် လိုအပ်မည့်အမှုထမ်းများစာရင်း - နောက်ဆက်တွဲ(၉)

(က) ပြည်တွင်းမှ လိုအပ်မည့်အမှုထမ်းများ -

အမှုထမ်းအမျိုးအစား		ဦးရေ
----------------		---------------
----------------	နောက်ဆက်တွဲ (၉)	---------------
----------------		---------------

(ခ) နိုင်ငံခြားမှလိုအပ်မည့်ကျွမ်းကျင်သူနှင့် အတတ်ပညာရှင်များ -

ကျွမ်းကျင်မှုအမျိုးအစား	ဦးရေ	ခန့်ထားမည့်အချိန်ကာလ
ကျွမ်းကျင်သူပညာရှင် (စက်တပ်ဆင်မှုကာလ)	၃ ဦး	(၆) လ
လုပ်ငန်းကျွမ်းကျင်သူပညာရှင်	၃ ဦး	အချိန်ပိုင်း

နောက်ဆက်တွဲ (၉)

၁၂။ စီးပွားရေးတွက်ချေကိုက်မှုနှင့် စပ်လျဉ်းသော အချက်အလက်များ -

		ကျပ်ငွေ (ထောင်ပေါင်း)	နိုင်ငံခြားငွေ (ထောင်ပေါင်း)
(က)	နှစ်စဉ်ဝင်ငွေရရှိမှု	နောက်ဆက်တွဲ (၆)	-
(ခ)	နှစ်စဉ်လုပ်ငန်းကုန်ကျစရိတ်	နောက်ဆက်တွဲ (၆)	-
(ဂ)	နှစ်စဉ်အသားတင်အမြတ်	နောက်ဆက်တွဲ (၆)	-
(ဃ)	နှစ်အလိုက်ရင်းနှီးမြှုပ်နှံမှု (ပထမနှစ်)	-	-
(င)	အရင်းကျေကာလ	-	(၃) နှစ် (၉) လ
(စ)	အခြားအကျိုးအမြတ်များ နောက်ဆက်တွဲ (၇/၈)	-	အလုပ်အကိုင်ပိုမိုရရှိ၍ နည်းပညာသစ်များရရှိပြီး၊ သွင်းကုန်အစားထိုးလုပ်ငန်းဖြစ် ပါသည်။
(ဆ)	အလုပ်အကိုင်သစ်များပေါ်ပေါက်လာမည့် အခြေအနေ	-	နောက်ဆက်တွဲ (၉)

၁၃။ ဆောင်ရွက်ရန်အဆိုပြုချက်နှင့် စပ်လျဉ်းသည့် အထောက်အထားများ၊ အဆိုပြုတင်ပြသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင်ပြအပ်ပါသည်။

(က) ပဋိညာဉ်စာချုပ်မူကြမ်း (လိုအပ်သည့်ကိစ္စတွင်)

(ခ) လုပ်ငန်းပိုင်းနှင့် ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားများ

(ဂ) လက်ရှိဖွဲ့စည်းပြီး အဖွဲ့အစည်းဖြစ်ပါက သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း/ဖွဲ့စည်းခြင်း မရှိသေးပါက သင်းဖွဲ့မှတ်တမ်းမူကြမ်းနှင့် သင်းဖွဲ့စည်းမျဉ်းမူကြမ်း

(ဃ) လက်ရှိဖွဲ့စည်းပြီး အဖွဲ့အစည်းဖြစ်ပါက လက်ရှိအခြေအနေနှင့် ပြင်ဆင်ဖွဲ့စည်းမည့် အခြေအနေ အထောက်အထားများ၊

လက်မှတ်၊ ------------------

အမည်၊ ဦးစလင်း

ရာထူး၊ ဒါရိုက်တာ

ဂုဏ်မင်္ဂလာစားသောက်ကုန်လီမိတက်

(လျှောက်ထားသူ)

နောက်ဆက်တွဲ (၁)

List of Executives of the Gon Mingalar Foodstuff Ltd.

Sr No.	Name	Citizenship/ N.R.C No	Designation	Address
1	U Saleem	Myanmar 12/PaBaTa (Naing) 006172	Director	No.557,Top Floor, Mahabandoola Street, Pabedan Township, Yangon.
2	Daw Fatima BiBi	Myanmar 12/PaBaTa (Naing) 007699	Director	No.557,Top Floor, Mahabandoola Street, Pabedan Township, Yangon.
3	U Zaw Win @ U Yacoob	Myanmar 12/PaBaTa (Naing) 021419	Director	No.557,Top Floor, Mahabandoola Street, Pabedan Township, Yangon.

နောက်ဆက်တွဲ (၂)

Gon Mingalar Foodstuff Limited.

Machinery and Equipment (to be Imported)

Sr No.	Description	Unit	Qty	Price (US$)	Value (US$)
A	**Machinery for Biscuit, Bread &Cake**				**109,300**
1	Rotary Moulding Machine with Rotary Cutting, Motors&Gear Boxes	Set	1	15560	15,560
2	Horizontal Mixing Machine with Automatic Tilting	Set	1	3112	3,112
3	Sugar Grinder Machine with Motor & Collection Box	Set	1	778	778
4	Syrup Machine with Motor & Heater	Set	1	1037	1,037
5	Oil Spraying Unit With Heater for Spraying Salt Biscuits	Set	1	1945	1,945
6	LDO Fired Oven with Multiple Firing Chambers,Cooling Zone &	Unit	1	32414	32,414
	Loading Zone				
7	Cooling Conveyor with Stacker Machine	Set	1	10372	10,372
8	Molding & Cutting Dies	Set	1	2593	2,593
9	Sugar Sprayer	Set	1	1037	1,037
10	Cream Mixer	Set	1	1556	1,556
11	Sandwiching Machine for making Sandwich Biscuits	Set	1	7779	7,779
12	Packing Machine	Set	1	31117	31,117
B	**Machinery for Snacks**				**91,900**
1	Rotary Moulding with Peeling/Slicing Combined with Rotary Cutting	Set	1	15554	15,554
	with Motors & Gear Boxes				
2	Syrup Making Machine complete with Motor & Heater	Set	1	3110	3,110
3	Oil Spraying Unit With Heater for Spraying Salt	Set	1	1944	1,944
4	LDO Fired Oven with Multiple Firing Chambers,Cooling Zone &	Set	1	32405	32,405
	Loading Zone & Frying				
5	Cooling Conveyor with Stacker Machine	Set	1	10370	10,370
6	Molding & Cutting Dies	Set	1	2592	2,592
7	Packing Machine	Set	1	25925	25,925
C	**Machinery for Sweets**				**28,500**
1	Sugar Grinding Machine	Set	1	1036	1,036
2	Mixer	Set	1	4145	4,145
3	Boiler	Set	1	17273	17,273
4	Moulds	Set	1	864	864
5	Packing Machine	Set	1	5182	5,182
D	**Machinery for Jelly**				**47,000**
1	Mixer	Set	1	2937	2,937
2	Boiler	Set	1	14688	14,688
3	Moulds	Set	1	2937	2,937
4	Cooler	Set	1	11750	11,750
5	Packing Machine	Set	1	14688	14,688
E	**Others**				**68,300**
1	Computer & Pinter	Set	3	1000	3,000
2	Copier	Set	2	1500	3,000
3	Diesel Generator	Set	1	45000	45,000
4	Transformer	Set	1	17300	17,300
	TOTAL				**345,000**

နောက်ဆက်တွဲ (၃)

ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းများ

အမှတ်စဉ်	ပရိဘောဂအမျိုးအစား	ရေတွက်ပုံ	အရေအတွက်	ဈေးနှုန်း (ကျပ်)	တန်ဖိုး (ကျပ်)
၁	စားပွဲ+ ကုလားထိုင်	လုံး	၁၀	၁၅၀၀၀	၁၅၀၀၀၀
၂	လုပ်ငန်းသုံးမော်တော်ယာဉ်	စီး	၁၀	၂၀၀၀၀၀၀	၂၀၀၀၀၀၀၀
၃	အစည်းအဝေးစားပွဲ	လုံး	၁	၃၀၀၀၀	၃၀၀၀၀
၄	ဆိုဖါကုလားထိုင်	စုံ	၁	၅၀၀၀၀	၅၀၀၀၀
၅	ပစ္စည်းတင်စင်များ		၁၅	၂၀၀၀	၃၀၀၀၀
၆	အလုပ်သမားထမင်းစားစားပွဲနှင့် ခုံများ	စုံ	၅	၁၀၀၀၀	၅၀၀၀၀
၇	ကွန်ပျူတာ	စုံ	၁	၂၅၀၀၀၀	၂၅၀၀၀၀
၈	မိတ္တူကူးစက်	လုံး	၁	၄၄၀၀၀၀	၄၄၀၀၀၀
	စုစုပေါင်း				၂၁၀၀၀၀၀၀

နောက်ဆက်တွဲ(၄)

Gon Mingalar Foodstuff Ltd.

Annual Raw Materials Requirement (Local Purchase)

Sr	Particular	A/U	Year 1	Year 2	Year 3	Year 4-10
I	Quantity					
1	Jelly Crystals	MT	4.00	4.25	4.50	5
2	Food Essence	MT	0.0625	0.078	0.0875	0.1125
3	Palm Oil	MT	0.8125	1.014	1.1375	1.4625
4	Baking Powder	MT	0.25	0.312	0.35	0.45
5	Corn	MT	156.00	195.00	218.40	280.80
6	Shortening	MT	0.125	0.156	0.175	0.225
7	Wheat Flour	MT	1560	1950	2184	2808
8	Sugar	MT	500	650	700	850
9	Yeast	MT	0.25	0.312	0.35	0.45
10	Fat	MT	0.8	1	1.1	1.3
11	Milk Cream	MT	3	3.3	3.7	4
12	Potato	MT	156	195	218	280
13	Salt	MT	70	85	100	110
II	Price					
1	Jelly Crystals	Kyats/ MT	750000	788000	827000	850000
2	Food Essence	Kyats/ MT	367200	386000	405000	430000
3	Palm Oil	Kyats/ MT	367200	386000	405000	430000
4	Baking Powder	Kyats/ MT	367200	386000	405000	430000
5	Corn	Kyats/ MT	60000	63000	57000	70000
6	Shortening	Kyats/ MT	367200	386000	405000	430000
7	Wheat Flour	Kyats/ MT	104000	110000	115000	120000
8	Sugar	Kyats/ MT	110000	116000	122000	128000
9	Yeast	Kyats/ MT	400000	420000	441000	463000
10	Fat	Kyats/ MT	380000	399000	419000	440000
11	Milk Cream	Kyats/ MT	200000	210000	221000	240000
12	Potato	Kyats/ MT	85600	90000	95000	100000
13	Salt	Kyats/ MT	10000	11000	11000	12000
III	Value					
1	Jelly Crystals	Kyat (000)	3000	3349	3721.5	4250
2	Food Essence	Kyat (000)	23	30	35	48
3	Palm Oil	Kyat (000)	298	391	461	629
4	Baking Powder	Kyat (000)	92	120	142	194
5	Corn	Kyat (000)	9360	12285	12449	19656
6	Shortening	Kyat (000)	46	60	71	97
7	Wheat Flour	Kyat (000)	162240	214500	251160	336960
8	Sugar	Kyat (000)	55000	75400	85400	108800
9	Yeast	Kyat (000)	100	131	154	208
10	Fat	Kyat (000)	304	399	461	572
11	Milk Cream	Kyat (000)	600	693	818	960
12	Potato	Kyat (000)	13354	17550	20710	28000
13	Salt	Kyat (000)	700	935	1100	1320
	Total	**Kyat (000)**	**245116.6**	**325844**	**376682**	**501694**

မှတ်ချက် - ပထမ နှစ် ကုန်ကြမ်းလိုအပ်ချက် ၏ (၂)လစာ(ကျပ်-၄၀၈၅၃၀၀၀/-) ကို မတည်ငွေရင်းအဖြစ်ထည့်ဝင်မည်ဖြစ်ပါသည်။

Production and Income Statement

Sr	Particular	A/U	Year 1	Year 2	Year 3	Year 4-10
I	**Production**					
1	Sweets (100×5gm)	Pack	29328	37440	42432	53040
2	Jelly (10×25gm)	Pack	27456	34944	39936	49920
3	Biscuits (400gm)	Pack	3120000	3900000	4095000	5460000
4	Bread (400gm)	Pack	585000	780000	975000	1170000
5	Cake (400gm)	Pack	195000	195000	390000	390000
6	Corn Snacks (100gm)	Pack	1560000	1950000	2184000	2808000
7	Potato Snacks (400gm)	Pack	1560000	1950000	2184000	2808000
II	**Domestic (100%)**					
1	Sweets (100×5gm)	Pack	29328	37440	42432	53040
2	Jelly (10×25gm)	Pack	27456	34944	39936	49920
3	Biscuits (400gm)	Pack	3120000	3900000	4095000	5460000
4	Bread (400gm)	Pack	585000	780000	975000	1170000
5	Cake (400gm)	Pack	195000	195000	390000	390000
6	Corn Snacks (100gm)	Pack	1560000	1950000	2184000	2808000
7	Potato Snacks (100gm)	Pack	1560000	1950000	2184000	2808000
III	**Price (For Domestic)**					
1	Sweets (100×5gm)	Kyat /Pack	200	210	220	230
2	Jelly (10×25gm)	Kyat /Pack	75	78	82	85
3	Biscuits (400gm)	Kyat /Pack	105	110	115	120
4	Bread (400gm)	Kyat /Pack	75	78	82	85
5	Cake (400gm)	Kyat /Pack	75	78	82	85
6	Corn Snacks (100gm)	Kyat /Pack	50	52	55	58
7	Potato Snacks (100gm)	Kyat /Pack	50	52	55	58
VII	**Value (For Domestic)**					
1	Sweets (100×5gm)	Kyat (000)	5866	7862	9335	12199
2	Jelly (10×25gm)	Kyat (000)	2059	2726	3275	4243
3	Biscuits (400gm)	Kyat (000)	327600	429000	470925	655200
4	Bread (400gm)	Kyat (000)	43875	60840	79950	99450
5	Cake (400gm)	Kyat (000)	14625	15210	31980	33150
6	Corn Snacks (100gm)	Kyat (000)	78000	101400	120120	162864
7	Potato Snacks (100gm)	Kyat (000)	78000	101400	120120	162864
	TOTAL	**Kyat (000)**	**550025**	**718438**	**835705**	**1129970**

Gon Mingalar Foodstuff Ltd.
Profit And Loss Statement

(----in thousand)

Sr.No.		Particular	Year1	Year2	Year3	Year4	Year5-10
1		**Income**	**550025**	**718438**	**835705**	**1129970**	**1129970**
	1	Local Sale	550025	718438	835705	1129970	1129970
2		**Cost of Product**	**396374**	**523414**	**606501**	**818086**	**818086**
	1	Raw	245117	325844	376682	501694	501694
	2	Production Overhead Cost	151257	197570	229819	316392	316392
3		**Gross Profit**	**153651**	**195024**	**229204**	**311884**	**311884**
		Expenditure	**133962**	**169256**	**198853**	**272353**	**274545**
4	1	Salary&Wages	10000	11000	12100	13310	14640
	2	Electricity	2000	2300	2645	3015	3377
	3	Land Rental Charges	2400	2400	2400	2400	2400
	4	Adminstration Cost	5000	5500	6000	7000	7000
	5	Maintenance	4500	5000	5500	6000	6500
	6	Depreciation	2307	2307	2307	2307	2307
	7	Commercial tax	50002	65313	75973	102725	102725
	8	Other	57753	75436	91928	135596	135596
		Gross Profit	**19689**	**25768**	**30351**	**39531**	**37339**
5		**Income tax**				**11859**	**11202**
6		**Net profit**	**19689**	**25768**	**30351**	**27672**	**26138**

NOTE Commercial Tax 10% Income Tax Local Sale 30%

နောက်ဆက်တွဲ (၇)

Gon Mingalar Foodstuff Ltd.

Cash Flow Statement

(Kyat in Thousand)

Sr.	Particular	Construction Period	Operation Period									
			1	2	3	4	5	6	7	8	9	10
I.	Cash in flow											
1	Net profit		19689	25768	30351	27672	26138	26138	26138	26138	26138	26138
2	Depreciation		2307	2307	2307	2307	2307	2307	2307	2307	2307	2307
3	Loan	2070										
	Sub total (1)	**2070**	**21996**	**28075**	**32658**	**29979**	**28445**	**28445**	**28445**	**28445**	**28445**	**28445**
II.	Cash out flow											
1	Captial contribution	101853										
2	Loan	2070										
3	Loan repayment		207	207	207	207	207	207	207	207	207	207
	Sub toal (2)	**103923**	**207**	**207**	**207**	**207**	**207**	**207**	**207**	**207**	**207**	**207**
III.	**Net cash flow**	-101853	21789	27868	32451	29772	28238	28238	28238	28238	28238	28238
IV.	**Cummulative cash flow**	-101853	-80064	-52196	-19745	10027	38265	66503	94741	122979	151217	179455

Note: Pay-back Period 3 years and 8 months.

နောက်ဆက်တွဲ (၈)

Cash Flow Analysis

(Kyat in Thousand)

Year	Cash out flow	Cash in flow		Net cash flow	20%		25%	
		Net Profit	Dep:		D.F	D.C.F	D.F	D.C.F
C	103923			-103923	1	-103923	1	-103923
1		19689	2307	21996	0.833	18322.86	0.8	17596.98
2		25768	2307	28075	0.694	19484.06	0.64	17968.01
3		30351	2307	32658	0.579	18909.21	0.512	16721.1
4		27672	2307	29979	0.482	14449.79	0.41	12291.31
5		26138	2307	28445	0.402	11434.7	0.328	9329.804
6		26138	2307	28445	0.335	9529.075	0.262	7452.59
7		26138	2307	28445	0.279	7936.155	0.21	5973.45
8		26138	2307	28445	0.233	6627.685	0.168	4778.76
9		26138	2307	28445	0.194	5518.33	0.134	3811.63
10		26138	2307	28445	0.162	4608.09	0.107	3043.615
						12896.95		**-4955.75**

I.R.R=20+5(12896.9/17852.7)

I.R.R=20+3.85

I.R.R=23.85%

နောက်ဆက်တွဲ(၈-က)

KYAT SAVING SCHEDULE

(-----Kyat in thousand)

Sr.No.	Paticular	Year 1	Year 2	Year 3	Year 4	Year 5-10
I	Total Income	550025	718438	835705	1129970	1129970
II	Total expenditure	530336	692670	805354	1090439	1092631
III	Gross profit	19689	25768	30351	39531	37339
IV	Income tax				11859	11202
VI	Net profit	19689	25768	30351	27672	26137
VII	Loan repayment	207	207	207	207	207
VIII	Total net Kyat saving	19482	25561	30144	27465	25930

Gon Mingalar Foodstuff Ltd.

STAFF LIST

1. Local staff

Sr No	Designation	No.of Employment
1	Managing Director	1
2	Adminstrative Manager	2
3	Sale Manager	5
4	Assistant Sale Manager	10
5	Staff	20
6	Factory Manager	2
7	Assistant Factory Manager	4
8	Foreman	3
9	Skilled Worker	10
10	Unskilled Worker	15
11	Driver	15
12	Security	5
13	In Charge	4
	Total	**95**

2. FOREIGN TECHNICIANS

Sr.No	Designation	No of Employment	Period
1	Technicians	3	(6) months for assembling time
2	Engineers	3	Part time
	Total	6	

မှတ်ချက်။ ။ နိုင်ငံခြားမှစက်ပစ္စည်းလာရောက် တပ်ဆင်သူများနှင့် ကျွမ်းကျင်သူပညာရှင်များအတွက် လခပေးရန်မလိုအပ်ပါ။

GON MINGALAR FOODSTUFF LIMITED

အဆောက်အဦစာရင်း

စဉ်	အကြောင်းအရာ	အရေအတွက်
၁	စက်ရုံ (၂၀၀' × ၁၃၀')	၁
၂	အလုပ်သမားနားနေဆောင် (၁၅၀ × ၁၀၀)	၁
၃	ရုံးခန်း (၁၀၀' × ၆၀')	၁
	စုစုပေါင်း	၃

ငွေချေးငှားသဘောတူ စာချုပ် (မူကြမ်း)

ဤငွေချေးငှား သဘောတူစာချုပ်ကို ၁၉၉၉ ခုနှစ်၊ ------------------ လ၊ -------------- ရက်နေ့တွင် အမှတ် (၁၈၉/၁၉၅)၊ ၈ ထပ်၊ ပန်းဆိုးတန်း၊ အေဒ့ဖစ်(စ်) တာဝါ၊ ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် မှတ်ပုံတင်ရုံးတည်ရှိသော မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းထားသည့် ဝုဏ်မင်္ဂလာ **ထရေးဒင်း ကုမ္ပဏီလီမိတက်** (နောင်တွင် " **ငွေချေးသူ** " ဟု ခေါ်တွင်စေရမည်၊ ယင်းစကားရပ်တွင် ၎င်း၏ဆက်ခံသူများနှင့် ဥပဒေအရ ခွင့်ပြုထားသည့် လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်။) ကို ကိုယ်စားပြုသူ ဒါရိုက်တာ ဦးဇော်ဝင်း (အမျိုးသား မှတ်ပုံတင်အမှတ် ၁၂/ပဘတ(နိုင်)၀၂၁၄၁၉)ကတစ်ဖက်နှင့်

အမှတ် (၁၈၉/၁၉၅)၊ ၈ ထပ်၊ ပန်းဆိုးတန်း၊ အေဒ့ဖစ်(စ်) တာဝါ၊ ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင်တည်ရှိသော မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်မည့် **ဝုဏ်မင်္ဂလာစားသောက်ကုန်လီမိတက်** (နောင်တွင် " **ငွေချေးငှားခြင်းခံရသူ**" ဟုခေါ်တွင်စေရမည်၊ ယင်းစကားရပ်တွင် ၎င်း၏ဆက်ခံသူများနှင့် ဥပဒေ အရ ခွင့်ပြုထားသည့် လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်) ကို ကိုယ်စားပြုသူ ဒါရိုက်တာ ဦးစလင်း (အမျိုးသားမှတ်ပုံတင်အမှတ် - ၁၂/ ပဘတ (နိုင်) ၀၀၆၁၇၂) မှ အခြားတစ်ဖက်တို့ သည် အောက်ပါအတိုင်း ငွေချေးငှားသဘောတူ စာချုပ်ကို ချုပ်ဆိုကြသည်။

၁။ **ရည်ရွယ်ချက်**

ဤငွေချေးငှားစာချုပ်တွင် **"ငွေချေးငှားခြင်းခံရသူ"** သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း နိုင်ငံတကာအဆင့်မီဘီစကွတ်မုန့်နှင့်မုန့်အမျိုးမျိုး ကိုခေတ်မီနည်းပညာရပ်များဖြင့်ထုတ်လုပ်ပြုပြင်ထည့်သွင်း၍ ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရန် ဆန္ဒဖြင့်၊ နောက်ဆက်တွဲ (က) တွင်ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သော စက်ပစ္စည်းကိရိယာများဝယ်ယူရန်နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၃၄၅၀၀၀ (အမေရိကန်ဒေါ်လာသုံးသိန်းလေးသောင်းငါးထောင် တိတိ) ကို **"ငွေချေးငှားသူ"** ပိုင်ဆိုင်သည့် ငွေများမှ ချေးငှားရန်ဖြစ်သည်။

"ငွေချေးငှားသူ" သည် အဆိုပါ ချေးငှားသည့်ငွေများမှာ ပြည်တွင်းပြည်ပ ကုန်သွယ်မှုလုပ်ငန်းများမှ တရားဝင်ရရှိထားသော နိုင်ငံခြားငွေများဖြစ်ကြောင်း ဝန်ခံကတိပြု၍ငွေချေးငှားခြင်းကိစ္စရပ်အားသဘောတူညီချက်များကို အောက်ပါအတိုင်းနှစ်ဦးနှစ်ဖက် ပြုလုပ်ချုပ်ဆိုကြပါသည်။

၂။ **ငွေချေးငှားခြင်းနှင့် ပြန်လည်ပေးဆပ်ခြင်း**

၂-၁ ဤငွေချေးငှားသဘောတူစာချုပ်ကို ချုပ်ဆိုသည့်နေ့မှစ၍ (၃) လအတွင်း **"ငွေချေးငှားသူ"** မှ **"ငွေချေးငှားခြင်းခံရသူ"** ၏ နိုင်ငံခြားငွေ ဘဏ် စာရင်းသို့ သဘောတူ ချေးငှားသည့် နိုင်ငံခြား ငွေ များကို ငွေချေးငှားခြင်းခံရသူ၏ လိုအပ်ချက်အရ တစ်ကြိမ် တည်း ဖြစ်စေ၊ အကြိမ် ကြိမ်ခွဲ၍ဖြစ်စေ ၊ စာရင်းလွှဲပြောင်းထုတ်ပေးရမည်။ချေးငွေကို အတိုးမဲ့ သတ်မှတ်ရန်နှင့် လုပ်ငန်းစတင်ဆောင်ရွက်ချိန်မှစတင်၍ တစ်နှစ်လျှင်(၂၀၇၀၀၀)ကျပ်တိတိနှုန်းဖြင့် (၁၀)နှစ်အတွင်းပြန်လည်ပေးဆပ်ရန်သဘောတူကြပါသည်။

၃။ **ငွေချေးငှားခြင်းခံရသူ၏တာဝန်များ**

၃-၁ **"ငွေချေးငှားခြင်းခံရသူ"** လိုက်နာဆောင်ရွက်ရန်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) အဆိုပါချေးငှားသည့် နိုင်ငံခြားငွေများကို၊ ဤစာချုပ် နောက်ဆက်တွဲ (က) ပါ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှအပ အခြားလုပ်ငန်းများတွင် ကျခံသုံးစွဲခြင်းမပြုလုပ်ရ။

(ခ) အဆိုပါချေးငှားထားသော နိုင်ငံခြားငွေများကို အခြားမည်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းသို့မဆို ထပ်ဆင့်ထုတ်ချေးခြင်း မပြုလုပ်ရ။

(ဂ) ဆိုင်းငံ့ကာလ ကုန်ဆုံး၍ ပြန်လည်ပေးဆပ်ရန် အချိန်စေ့ရောက်သည့်ကာလတွင် သတ်မှတ်ထားသည့် ပေးဆပ်ရန်ငွေရပ်ကို မပျက်မကွက် ပြန်လည်ပေးဆပ်ရမည်။

၄။ **ငွေချေးငှားသူ၏ တာဝန်များ**

၄-၁ "ငွေချေးငှားသူ" သည် "ငွေချေးငှားခြင်းခံရသူ" အားအောက်ပါအတိုင်းဆောင်ရွက်ပေးရမည်။

(က) ဤစာချုပ်အပိုဒ် ၃၊ အပိုဒ်ခွဲ ၃-၁ တွင်ဖော်ပြထားသည့်အတိုင်း၊ **"ငွေချေးခြင်းခံရသူ"** သို့ချေးငှားရမည့်ငွေများကို တစ်ကြိမ်တည်းဖြစ်စေ၊ "ငွေချေးငှားခြင်းခံရသူ" တောင်းဆိုသည့်အပေါ် မူတည်၍ အကြိမ်ကြိမ်ခွဲ၍ စာချုပ်ချုပ်ဆိုသည့်နေ့မှစ၍(၃)-လအတွင်း ငွေချေးငှားခြင်းခံရသူ၏ နိုင်ငံခြားငွေဘဏ်စာရင်းသို့ မိမိ၏ နိုင်ငံခြားငွေဘဏ်စာရင်းမှ စာရင်းလွှဲပြောင်းထုတ်ပေးရမည်။

(ခ) ဤသို့ စာရင်းလွှဲပြောင်းထုတ်ပေးတိုင်း ကျသင့်ဘဏ်စရိတ်အပါအဝင် စရိတ်အရပ်ရပ် ကို "ငွေချေးငှားသူ" မှပင် ကျခံရမည်။

၅။ **သဘောတူစာချုပ်စတင်အကျိုးသက်ရောက်သောနေ့**

၅-၁ ဤငွေချေးငှားခြင်း၊ သဘောတူစာချုပ်သည်၊ "ငွေချေးငှားသူ" နှင့် "ငွေချေးငှားခြင်းခံရသူ" တို့ နှစ်ဦးနှစ်ဘက် လက်မှတ်ရေးထိုး သဘောတူညီသည့်နေ့မှစတင်၍ အကျိုးသက်ရောက်မှု ရှိစေရမည်ဖြစ်သည်။

၆။ **စာချုပ်ရုပ်သိမ်းခြင်း**

၆-၁ ဤသဘောတူစာချုပ်ကို စာချုပ်ဝင်တစ်ဖက်ဖက်မှ စာချုပ်ပါတာဝန်များကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ သဘောတူစာချုပ်၏ မူလရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်စွမ်းမရှိခြင်းတို့ ပေါ်ပေါက်လာပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူညီအတည်ပြုချက်ရရှိပြီးမှသာလျှင် ရုပ်သိမ်းခြင်း ပြုလုပ်နိုင်သည်။

၇။ **အနုညာတစီရင်ဆုံးဖြတ်ခြင်း**

၇-၁ အကယ်၍ ဤသဘောတူစာချုပ်ပါ အချက်အလက်များနှင့် ပတ်သက်ပြီး၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ဖြစ်စေ၊ အဓိပ္ပါယ်လွဲမှားမှုကြောင့်ဖြစ်စေ၊ အငြင်းပွားမှုများ ဖြစ်ပေါ်လာပါက သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသည့် နှစ်ဦးနှစ်ဖက်စလုံးမှ ညှိနှိုင်းဆွေးနွေးခြင်းဖြင့် အငြင်းပွားမှုများကို ပြေလည်ငြိမ်းအေးစေနိုင်သည်။ နှစ်ဦးနှစ်ဖက် အကျေအလည်ညှိနှိုင်းဆွေးနွေး၍ မရရှိခဲ့ပါက မြန်မာနိုင်ငံအတွင်း၌ နှစ်ဦးနှစ်ဖက်အတွက် ခုံသမာဓိလူကြီးတစ်ဦးစီခန့်ထားပြီး ညှိနှိုင်းဆွေးနွေးနိုင်ခွင့်ရှိသည်။ နှစ်ဦးနှစ်ဖက်မှ တင်မြှောက်ထားသော ခုံသမာဓိလူကြီးများမှ အငြင်းပွားမှုများကို ပြေလည်အောင်ဖြေရှင်းပေးနိုင်ခြင်း မရှိခဲ့ပါက အတိုပါခုံသမာဓိလူကြီးများ သဘောတူသော ခုံသမာဓိလူကြီး၏ အဆုံးအဖြတ်ကို နှစ်ဖက်စလုံးမှ လက်ခံကြရမည်။ ၎င်းခုံသမာဓိလူကြီး၏ အဆုံးအဖြတ်မှာ အနုညာတစီရင် ဆုံးဖြတ်ခြင်း အက်ဥပဒေ (၁၉၄၄ ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေ အမှတ် ၄) အရဖြစ်ရပါမည်။ ခုံသမာဓိအဖွဲ့၏ ဖြေရှင်းဆုံးဖြတ်ရန်နေရာမှာ ရန်ကုန်မြို့၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်သာ ဖြစ်ရပါမည်။ ခုံသမာဓိရုံး၏ ကုန်ကျစရိတ်များကို အမှုရှုံးသည့်ဘက်မှ ကျခံပေးဆောင်ရမည်။

၈။ **လွှမ်းမိုးသောဥပဒေ**

၈-၁ ဤသဘောတူစာချုပ်ကို မြန်မာနိုင်ငံဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ဤစာချုပ်ကို လွှမ်းမိုးသောဥပဒေသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများဖြစ်သည်။ ဤစာချုပ်ပါ နှစ်ဦးနှစ်ဘက်စလုံးသည် စီရင်ပိုင်ခွင့်ရှိသော သက်ဆိုင်ရာ မြန်မာတရားရုံးနှင့် အယူခံမှုများကို ကြားနာနိုင်သော တရားရုံးအားလုံး၏ စီရင်ပိုင်ခွင့်ကို လက်ခံကြပါသည်။

၉။ **ကြိုတင်စည်းကမ်းသတ်မှတ်ချက်များ**

၉-၁ ဤသဘောတူစာချုပ်တွင်ပါဝင်သော လုပ်ငန်းဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုများအတွက် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၏ ခွင့်ပြုသဘောတူညီချက်ရရှိပြီးမှသာလျှင် ဆောင်ရွက်နိုင်ခွင့်ရှိကြမည်ဖြစ်သည်။

၁၀။ **စာချုပ်အားဖြင့် ပြန်လည်ပြင်ဆင်စေ့စပ်ညှိနှိုင်းခြင်း**

၁၀-၁ ဤသဘောတူစာချုပ်၌ ကြိုတင်မမျှော်မှန်းနိုင်သော အခြေအနေတစ်ခုခု ပေါ်ပေါက်လာသဖြင့် စာချုပ်ပါအချက်အလက်များကို ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်သောအခါမျိုးတွင် နှစ်ဦးနှစ်ဖက်မှ စေ့စပ်ညှိနှိုင်းပြီး စာချုပ်ပါအချက်များကို လိုအပ်သလို ပြင်ဆင်ခွင့်ရှိစေရမည်ဖြစ်သည်။

ဤကဲ့သို့ ပြင်ဆင်ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူညီအတည်ပြုချက် ရရှိပြီးမှသာလျှင် တည်ဖြစ်မည်ဖြစ်သည်။

၁၁။ **ကိုယ်စားပြုခြင်းနှင့် အာမခံချက်**

၁၁-၁ ဤသဘောတူစာချုပ်ကို ပါဝင်ချုပ်ဆိုကြသူနှစ်ဦးနှဏ်ဖက်တို့သည် ဤသဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ရန်အတွက် သက်ဆိုင်သော ဥပဒေများနှင့်အညီ တရားဝင်ဖွဲ့စည်းတည်ထောင်ထားကြပြီးလျှင် ဥပဒေအရ လုပ်ပိုင်ခွင့်အခွင့်အာဏာနှင့် စီးပွားရေးအရ ခိုင်မာတောင့်တင်းမှုရှိသောသူများဖြစ်ကြောင်း အာမခံသည်။

၁၂။ **ဘာသာစကား**

၁၂-၁ ဤသဘောတူစာချုပ်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာဘာသာဖြင့် စာချုပ်သုံးစောင်ရေးသားပြီးလျှင် စာချုပ်နှစ်စုံကို နှစ်ဦးနှစ်ဖက်မှ တစ်စုံစီရယူထားပြီး၊ ကျန်သော စာချုပ်တစ်စုံကို သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းထံသို့ ပေးပို့၍ စစ်ဆေးခြင်းနှင့် အတည်ပြုချက်များရယူနိုင်ရန် ပေးပို့ရမည်။

၁၃။ **အကြောင်းကြားစာ**

၁၃-၁ ဤသဘောတူစာချုပ်နှင့် ပတ်သက်၍ အကြောင်းကြားစာနှင့် အခြားဆက်သွယ်မှုများအား အောက်ဖော်ပြပါ လိပ်စာများအတိုင်း မြန်မာဘာသာဖြင့် ရေးသားပြီးလျှင် စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ သို့မဟုတ် တဲလက်စ်ဖြင့်ဖြစ်စေ၊ ဖက်စ်ဖြင့်ဖြစ်စေ နှစ်ဦးနှစ်ဖက်ဆက်သွယ်ပေးပို့ရမည်။ ထိုသို့ ဆက်သွယ်ပေးပို့ရာတွင် သဘောတူစာချုပ် ချုပ်ဆိုစဉ်က လိပ်စာအတိုင်းသော်လည်းကောင်း၊ တစ်ဖက်မှ အကြောင်းကြားလာသည့် အခြားလိပ်စာဖြင့်သော်လည်းကောင်း ဆက်သွယ်ပေးပို့ရမည်။

လိပ်စာများမှာ -

(က)	**"ငွေချေးငှားသူ"**	(၁) အမည်	-	ဂုဏ်မင်္ဂလာထရေးဒင်း ကုမ္ပဏီလီမိတက်
		(၂) လိပ်စာ	-	အမှတ် (၁၈၉/၁၉၅)၊ ၈ ထပ်၊ ပန်းဆိုးတန်း၊ အော့ဖစ်(စ်) တာဝါ၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ။

(၃) ဖုံးအမှတ် -

(၄) ဖက်စ်နံပါတ် -

(ခ) "ငွေချေးငှားခြင်းခံရသူ" (၁) အမည် - ဂုဏ်မင်္ဂလာစားသောက်ကုန်လီမိတက်

(၂) လိပ်စာ - အမှတ် (၁၈၉/၁၉၅)၊ ၈ ထပ်၊ ပန်းဆိုးတန်း၊ အော့ဖစ်(စ်) တာဝါ၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ။

(၃) ဖုံးအမှတ် -

(၄) ဖက်စ်နံပါတ် -

၁၃-၂ ယခုကဲ့သို့ စာရွက်စာတမ်းများ ပေးပို့ဆက်သွယ်သည့်အခါတွင် ပေးပို့ခြင်းကို လက်ခံရယူသည့်ဖက်မှ လက်ခံရရှိပြီးဖြစ်ကြောင်း အကြောင်းပြန်ကြားစာ ရရှိပြီးမှသာလျှင် ပေးပို့ခြင်းကိစ္စပြီးမြောက်ပြီးဖြစ်သည်ဟု အတည်ပြုနိုင်သည်။ အကယ်၍ တစ်ဖက်ဖက် မှ လိပ်စာ အပြောင်းအလဲရှိပါက စာဖြင့်ရေးသားပြီး အကြောင်းကြားစာကို ပေးပို့ရမည်။

၁၄။ အထွေထွေ

၁၄-၁ ဤသဘောတူစာချုပ်တွင် ဖော်ပြပါရှိသော အချက်အလက်များသည် သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းတွင်ပြဋ္ဌာန်းထားသော အချက်အလက်များနှင့်အဓိပ္ပါယ်ကွဲလွဲခြင်း၊ ရှေ့နောက်မညီမညွတ်ဖြစ်နေခြင်းများဖြစ်ပေါ်လာပါက ဤသဘောတူစာချုပ်တွင် ပြဋ္ဌာန်းထားသော အချက်အလက်များကိုသာ အတည်ဖြစ်သည်ဟု မှတ်ယူစေရမည်ဖြစ်သည်။

ဤသဘောတူစာချုပ်ကို အထက်ဖော်ပြပါ ----------ခုနှစ်၊ --------- လနှင့် ------နေ့ ရက်တွင် နှစ်ဦးနှစ်ဖက်မှတရားဝင်ကိုယ်စားလှယ်များမှ တံဆိပ်ရိုက်နှိပ်ပြီးလက်မှတ်ရေးထိုးသဘောတူကြပါသည်။

ငွေချေးငှားသူ	ငွေချေးငှားခြင်းခံရသူ
ဦးဇော်ဝင်း (ဒါရိုက်တာ)	**ဦးစလင်း (ဒါရိုက်တာ)**
ဂုဏ်မင်္ဂလာထရေးဒင်းကုမ္ပဏီလီမိတက်	**ဂုဏ်မင်္ဂလာစားသောက်ကုန်လီမိတက်**
ကိုယ်စားလက်မှတ်ရေးထိုးသူ	ကိုယ်စားလက်မှတ်ရေးထိုးသူ

လက်မှတ် ။ --------------------- လက်မှတ် ။ ---------------------

အမည် ။ --------------------- အမည် ။ ---------------------

လိပ်စာ ။ --------------------- လိပ်စာ ။ ---------------------

နောက်ဆက်တွဲ (၁)

Gon Mingalar Foods Limited.

Machinery and Equipment (to be Imported)

Sr No.	Description	Unit	Qty	Price (US$)	Value (US$)
A	**Machinery for Biscuit, Bread &Cake**				**109,300**
1	Rotary Moulding Machine with Rotary Cutting, Motors&Gear Boxes	Set	1	15560	15,560
2	Horizontal Mixing Machine with Automatic Tilting	Set	1	3112	3,112
3	Sugar Grinder Machine with Motor & Collection Box	Set	1	778	778
4	Syrup Machine with Motor & Heater	Set	1	1037	1,037
5	Oil Spraying Unit With Heater for Spraying Salt Biscuits	Set	1	1945	1,945
6	LDO Fired Oven with Multiple Firing Chambers,Cooling Zone &	Unit	1	32414	32,414
	Loading Zone				
7	Cooling Conveyor with Stacker Machine	Set	1	10372	10,372
8	Molding & Cutting Dies	Set	1	2593	2,593
9	Sugar Sprayer	Set	1	1037	1,037
10	Cream Mixer	Set	1	1556	1,556
11	Sandwiching Machine for making Sandwich Biscuits	Set	1	7779	7,779
12	Packing Machine	Set	1	31117	31,117
B	**Machinery for Snacks**				**91,900**
1	Rotary Moulding with Peeling/Slicing Combined with Rotary Cutting	Set	1	15554	15,554
	with Motors & Gear Boxes				
2	Syrup Making Machine complete with Motor & Heater	Set	1	3110	3,110
3	Oil Spraying Unit With Heater for Spraying Salt	Set	1	1944	1,944
4	LDO Fired Oven with Multiple Firing Chambers,Cooling Zone &	Set	1	32405	32,405
	Loading Zone & Frying				
5	Cooling Conveyor with Stacker Machine	Set	1	10370	10,370
6	Molding & Cutting Dies	Set	1	2592	2,592
7	Packing Machine	Set	1	25925	25,925
C	**Machinery for Sweets**				**28,500**
1	Sugar Grinding Machine	Set	1	1036	1,036
2	Mixer	Set	1	4145	4,145
3	Boiler	Set	1	17273	17,273
4	Moulds	Set	1	864	864
5	Packing Machine	Set	1	5182	5,182
D	**Machinery for Jelly**				**47,000**
1	Mixer	Set	1	2937	2,937
2	Boiler	Set	1	14688	14,688
3	Moulds	Set	1	2937	2,937
4	Cooler	Set	1	11750	11,750
5	Packing Machine	Set	1	14688	14,688
E	**Others**				**68,300**
1	Computer & Pinter	Set	3	1000	3,000
2	Copier	Set	2	1500	3,000
3	Diesel Generator	Set	1	45000	45,000
4	Transformer	Set	1	17300	17,300
	TOTAL				**345,000**

မြေ နှင့်အဆောက်အဦး ငှားရမ်းခြင်းသဘောတူစာချုပ် (မူကြမ်း)

မြေနှင့်အဆောက်အဦးငှားရမ်းခြင်း သဘောတူစာချုပ် (နောင်တွင် **"အငှားစာချုပ်"** ဟုခေါ်ဆိုရမည်) ကို၊ ရန်ကုန်မြို့၌၂၀၀၀ ခုနှစ်-------- လ ------- ရက် နေ့တွင် အမှတ်-၁၈၉/၁၉၅၊ ၈-ထပ်၊ ပန်းဆိုးတန်း တာဝါ၊ ကျောက်တံတား မြို့နယ်၊ရန်ကုန်တွင်ရုံးခန်းတည်ရှိသော၊မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဖွဲ့စည်း တည်ထောင်ထားသော **ဂုဏ်မင်္ဂလာထရေးဒင်းကုမ္ပဏီလီမိတက်၊** (ဤမှ နောင်တွင် **"အငှားချထားသူ"**ဟု ရည်ညွှန်းခေါ် ဆို ရမည်ဖြစ်ပြီး၊ ယင်း စကားရပ်တွင်၊စာသားများ အရသော်လည်းကောင်း၊ အဓိပ္ပါယ်အရသော်လည်းကောင်း၊ ရှေ့နောက် ဆန့်ကျင်ကွဲလွဲခြင်း မရှိပါက၊ ၎င်း၏ တရား ဝင် ကိုယ်စားလှယ်များ၊ ဆက်ခံသူများနှင့် ဥပဒေအရ ခွင့်ပြုလွှဲအပ် ခံရသူများ ပါဝင်သည်ဟု မှတ်ယူရမည်) ကိုကိုယ်စားပြုသူဒါရိုက်တာ ဦးဇော်ဝင်း(အမျိုးသားမှတ်ပုံတင်အမှတ်- ၁၂/ပဘတ(နိုင်)၀၂၁၄၁၉) ကတစ်ဘက်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းသည့် ကုမ္ပဏီလီမိတက်တစ်ခု ဖြစ်သော **Gon Mingalar Foodstuff Ltd** (ဤမှ နောင်တွင် **"အငှားချထားခြင်းခံရသူ"** ဟု ရည်ညွှန်း ခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်တွင် စာသားများအရသော်လည်းကောင်း၊ အဓိပ္ပါယ်အရ သော်လည်းကောင်း၊ ရှေ့နောက် ဆန့်ကျင်ကွဲလွဲခြင်းမရှိပါက၊ ၎င်း၏တရားဝင်ကိုယ်စားလှယ်များ ဆက်ခံသူများနှင့် ဥပဒေအရ ခွင့်ပြုလွှဲအပ်ခံရသူများပါ ဝင်သည်ဟု မှတ်ယူရမည်) က ဤအငှားစာချုပ်အား ချုပ်ဆိုရန်၊ ကိုယ်စားပြု တာဝန် ပေးအပ်ခြင်းခံရသော ဒါရိုက်တာ ဦးစလင်း ကအခြားတစ်ဖက်တို့သည် အောက်ပါစည်းကမ်းချက် များကို သတ်မှတ်၍ အငှားစာချုပ်ကို ချုပ်ဆို ကြပါသည်။

၁။ ရည်ရွယ်ချက်

